# Highlights from DVB Debate's Public Healthcare Reform

# March 12, 2016

# "How to reform Public Healthcare?"

"ကျနော်တို့ကျန်းမာရေးစနစ်ကြီးက အသက်ငင်နေတယ်"

ဒေါက်တာမြင့်ဦး - အထွေထွေရောဂါကုဆရာဝန်

---

"လက်ရှိမှာက ဆေးရုံကြီးတွေမှာ ကုသရေးကိုပဲ ဦးစားပေးနေပြီး ကာကွယ်ရေးပိုင်း အားနည်းနေတယ်. အန်အယ်လ်ဒီအနေနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှု primary healthcare ဦးစားပေးမယ်။ ကျေးလက်နေလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့ ဦးစားပေးမယ်"

ဒေါက်တာ ကျော်ဇော - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာကျန်းမာရေးကွန်ရက်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်

---

"ဆေးရုံသစ်တွေ ဆောက်တာ ကျန်းမာရေးစနစ်မြှင့်တင်တာမဟုတ်ဘူး။ စစ်တပ်ကလူတွေ ကျန်းမာရေးဌာနထဲ သွင်းတာဟာ ကျန်းမာရေးစနစ်မြှင့်တင်တာမဟုတ်ဘူး။"

ဒေါက်တာ မြင့်ဦး - အထွေထွေရောဂါကုဆရာဝန်

---

"ကျေးလက်ကလူတွေနဲ့ တိုင်းရင်းသားဒေသကလူထုဟာ အခုချိန်ထိ သာတူညီမျှ ကျန်းမာရေး စောင့်ရှောက်မှု မရဘူး။ ကျနော်တို့ မူဝါဒထဲမှာ သူတို့အတွက် လုပ်ထားတယ်။ Backpackနဲ့ သေချာ လေ့ကျင့်ထားတဲ့ ကျန်းမာရေးလုပ်သားတွေနဲ့ ပူးပေါင်းပြီး လုပ်မယ်.. စစ်ဘေးရှောင်ဒေသက လူတွေနဲ့ ကျေးလက်က လူတွေအတွက် လုပ်မယ်"

ဒေါက်တာ ကျော်ဇော - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးကွန်ရက်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်

---

"ပြည်သူလူထု ပါဝင်ရမယ်ဆိုတာမှာ ကိုယ်ဝန်ဆောင်သည်တဦး ဆေးလာထိုးတယ် သူ့ကို သူနာပြုဆရာမ ဆူလိုက်တော့ သူ နောက်တရက် ထပ်မသွားချင်တော့ဘူး။ ပြည်သူက ပါဝင်ချင်လာအောင် ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဆွဲဆောင်နိုင်မှုလဲ အရမ်းလိုပါတယ်"

ဒေါ်ဖြိုးဝေလွင် - ABC မြန်မာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့

"ကျနော်ဒါကို နားလည်တယ် ကျနော်တိုက်နယ်ဆရာဝန်အနေနဲ့ အကြာကြီးလုပ်ဖူးတယ်။ ကျန်းမာရေးလုပ်သားမှာလည်း အခက်အခဲရှိတယ် သူနာပြုဆရာမတယောက်ထဲကပဲ ရွာ ၁၀ ရွာ ကိုင်ရတယ်။ ဝန်နဲ့အားက မမျှဘူး။ အခြေခံ ကျန်းမာရေးလုပ်သားတွေလည်း တိုးမြှင့်ရမှာ"

ဒေါက်တာ ကျော်ဇော - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးကွန်ရက်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်

---

"ကျမဆီ လူနာလာရင် တချို့ဆေးတွေ ဒေသန္တရဆေးခန်းတွေမှာ အလကားတောင်းဖို့ သွားယူဖို့ ကျမ ချိတ်ပေးတယ်။ ဒါပေမယ့် သူတို့ မသွားချင်ကြဘူး။ ဘာလို့ဆိုတော့ သူတို့ အဲမှာ ဆေးခန်းပြဖို့ကို သန်းခေါင်စာရင်းယူရမယ် ထောက်ခံစာတောင်းရမယ် စသဖြင့် ကြိုးနီကိစ္စတွေပေါ့နော် များနေတော့ အလကားရတာတောင် မသွားချင်ကြဘူး"

ဒေါက်တာ နနဆွေ(ခ) အမရာ ဆေး - ၁ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ စာရေးဆရာ

---

"ကျေးလက်ကျန်းမာရေး ဌာနတွေဆိုတာ ရှိပါတယ် ဒါပေမယ့် သူတို့အားတဲ့အချိန် ဖွင့်တာလား လူနာတွေ အားလောက်မယ့် အချိန်မှာ ဖွင့်တာလား ဆိုတာတော့ ရှိသေးတယ်လေ"

ဒေါက်တာတင်မာအောင် - ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်း

---